ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကုန်သွယ်ရေးဦးစီးဌာန

ပို့ကုန်၊သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ
သတင်းလွှာ( ၆ /၂၀၂၁)

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၃၂ ရက်

အကြောင်းအရာ။ **နယ်စပ်ဒေသများမှယာယီတင်သွင်းခွင့်မပြုသည့်ကုန်စည်စာရင်းထုတ်ပြန်ခြင်း**

၁။ ပြည်ပမှ တင်သွင်းသည့်စားသောက်ကုန်များနှင့်စပ်လျဉ်း၍ စားသောက်ကုန်ဘေးကင်းရေးဆိုင်ရာ စစ်ဆေးရာတွင် နယ်စပ်ဒေသများ၌ စစ်ဆေးခြင်းဆိုင်ရာ အခြေခံအဆောက်အဦများပြည့်စုံမှုရှိစေရေးအတွက် ပြင်ဆင်ဆောင်ရွက်နေဆဲကာလအတွင်း အောက်ပါကုန်စည်များအား နယ်စပ်ဒေသများ/နယ်စပ်လမ်းကြောင်းများမှ တင်သွင်းခြင်းကို ၁.၅.၂၀၂၁ ရက်နေ့မှစတင်၍ ယာယီအားဖြင့် ခွင့်မပြုကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) အချိုရည်မျိုးစုံ

(ခ) ကော်ဖီမစ်၊တီးမစ်မျိုးစုံ

(ဂ) အသင့်ဖျော်ကော်ဖီမှုန့် (Instant Coffee )

(ဃ) နို့ဆီ၊နို့စိမ်း

၂။ အဆိုပါကုန်စည်များအား ပင်လယ်ရေကြောင်းနှင့်လေကြောင်းများမှ ပုံမှန်အတိုင်းတင်သွင်းခွင့်ပြုသွားမည်ဖြစ်သည်။

ကုန်သွယ်ရေးဦးစီးဌာန